# အခန်းကြီး ( ၂ )

# ချား(လ်) ဒါဝင်ပြုစုပျိုးထောင်ခြင်း



အသက်အားလုံးသည် သတ္တဝါ(သို့) ဖြစ်တည်ခြင်းထဲသို့ သဘာဝတရား၏ ရွေးချယ်ခြင်းအားဖြင့်၊ ဖြစ်ပေါ်လာခြင်းကဲ့သို့ ချား(လ်) ဒါဝင်သည် ကောင်းမြတ်သော ဖန်ဆင်ရှင်ဘုရားနှင့်အစားထိုးခဲ့သည်။ အသေးစိတ်ပြင် ဆင်ထားသောသူ၏ ယူဆချက်သည်သိပ္ပံဆိုင်ရာ တည်ဆောက်ခြင်းကို ချန်ထားပြီး လူသည် မိမိဆန္ဒရှိသည်အတိုင်း လွတ် လပ်စွာ လုပ်ဆောင်နိုင်ခြင်းနှင့် ဘုရားသခင်ကို အစားထိုးဖို့ရန် စိတ်အားထက်သန်သော၊ (သို့) လိုလားမှုရှိသော သူများကို စွဲဆောင် ဖမ်းစားထားသော ယူဆချက်ဖြစ်ပါသည်။ ဆင့်ကဲဆင့်ကဲ ပြောင်းလဲခြင်းသည် ဘုရားသခင်နှင့်ဝေးကွာအောင် အမှန်တကယ်ပြုလုပ်သော လက်နက်တစ်ခုဖြစ်သည်။ အဆုံး၌ အသက်ရှင်သောအရာအားလုံးသည် သဘာဝတရား၏ ရွေးချယ်ခြင်းအားဖြင့် သတ္တဝါထဲသို့ ရောက်ရှိလာခြင်း ဟု သိပ္ပံပညာက ကျွန်တော်တို့ကို ပြောခဲ့လျှင်၊ ဘုရားသခင်၏ သမ္မာကျမ်းစာပြောဆို ချက်များကို ဂရုစိုက်မှုပြုရန် ဘာလိုအပ်သနည်း။

“ ဇစ်မြစ်၏ မျိုးစိပ်ပေါ်၌” ဆိုသည့်စာအုပ်ကို ဒါဝင်ထုတ်ဝေ ခဲ့သည့် အချိန်ဝိတိုရိယခေတ်၊ အင်္ဂလန်နိုင်ငံသည် အဓိကအားဖြင့် ခရစ်ယာန် နိုင်ငံဖြစ်သည်။ ယေဘူယျအားဖြင့် ဗြိတိသျှများသည် သူတို့၏ ယုံကြည်ခြင်းကို အလေးအနက် ထားခဲ့ကြသော်လည်း ဒါဝင်၏ယူဆချက် ကို လက်ခံခဲ့သောကြောင့် ယုံကြည်ခြင်းပျက်ပြယ်ခဲ့ရသည်။ ခန့်မှန်းခြေအားဖြင့် ယခုအချိန်၌ ဗြိတိသျှလူဦးရေ ၂၀ ရာခိုင်နှုန်းသာလျှင် နိုးကြားသောခရစ်ယာန်များဖြစ် ကြသည်။

ဒါဝင်၏ဆွဲဆောင်မှုသည် “ ဇစ်မြစ်” စာအုပ်ကို ထုတ်ဝေခဲ့ပြီး နောက် နှစ်ပေါင်း(၁၅၀)နီးပါး မှုန်ဝါးစွာ ကျန်ရှိခဲ့သည်။ သူ၏ရိုးသားဖြူ စင်သော၊ ချစ်ခင်သူများသည် ဖန်ဆင်ရှင်ဘုရားနေရာ၌ ယုတ္တိရှိသော အစားထိုးမှုကို သူတို့အတွက် စီစဉ်ပေးသောကြောင့် ဆက်လက်ပြီး သူ့ကို ချီးကျူးဂုဏ်ပြုခြင်းများပြုခဲ့ကြသည်။ ထိုအရာသည် အံ့အားသင့်စရာမရှိဘဲ ဒါဝင်၏နာမည်နှင့် ပုံတူကားချပ်ကို အထက်တန်းကျောင်းများ၏ ဇီဝဗေဒ ပြဒါန်းစာအုပ်များ၌ တန်ဆာဆင်ထားသည်။ ဥပမာအားဖြင့် ဒါဝင်ခုခံကာကွယ်သူ (Prentice Hall Biolog) ၏ တွဲဖက်စာရေးဆရာ ကဲနက် မီလာ (Kenneth Miller) သည် သူ၏လူငယ်စာဖတ်ပရိတ်သတ်များကို ဒါဝင်၏ ပုဂ္ဂိုလ်ရေးရာ

လေ့လာချက်များ နှင့်ယုံကြည်ချက်များ၏ သဘောထား အမြင်ကို အခန်းကြီးအလိုက်ဖော်ပြ ပေးထားသည်။ ဆင့်ကဲ ဆင့်ကဲ ပြောင်းလဲခြင်းဖြစ်စဉ်ကို ပြည်နယ်အားလုံး၌ရှိသော အသင်းအဖွဲ့ နှင့် ကမ္ဘာကြီးတစ်ခုလုံးသည် သိပ္ပံပညာ၏ အကြောင်းအရာအချက်အ လက်ကဲ့သို့ သင်ကြားပို့ချကြသည်။

ဒါဝင်ကိုးကွယ်သူများသည် “ သိပ္ပံပညာ၌ အတွေးအခေါ်မရှိ သော အရာသည် ဆင့်ကဲဆင့်ကဲပြောင်းလဲခြင်းကဲ့သို့ လူ့အဖွဲ့အစည်းအ သိုင်းအဝိုင်းကို လွှမ်းမိုးခဲ့ပြီး” ဟူသော ပြောဆိုချက်ကို ပြုလုပ်လာ ကြသည်။ အရာအားလုံးနှင့် $e=m^2$ တောင်မှ ကျွန်တော်ထည့်သွင်း သင့်သည်”ဟုအံ့အားသင့်စွာ ပြောဆိုခဲ့သော Niles Eldrege ၏ စိတ်အားထက်သန်မှုကို ဝေငှကြသည်။

ထိုကဲ့သို့သောသူသည် အဘယ်သူဖြစ်ပါသနည်း။ လူ့လောကသည် “သားရဲ တိရိစ္ဆာန်၏ နယ်ပယ်” မှဆင်းသက်လာကြောင်းကို ရဲရင့်စွာ ပြောဆိုကြေငြာခြင်းဖြင့် ကမ္ဘာကြီးကို ပြောင်းလဲပစ်ရန် မည်သည့်အရာက သူ့ကိုတွန်း အားပေးခဲ့သပါနည်း။ သူ၏ယူဆချက်၌ ဖော်ပြခဲ့သည့် ထိတ်လန့်ဖွယ်ကောင်းသော၊ ခံစားမှုကင်းမဲ့သော၊ အဓိပ္ပါယ်ကင်း မဲ့သောစသည့် အခြေအနေတို့၏ အရေးကိစ္စများအတွက် စကြာဝဠာထဲ၌ရှိသော ပုံစံဒီဇိုင်းနှင့်အစီအစဉ်တို့အတွက် ဖန်ဆင်းရှင်ဘုရား၏ တာဝန်ကို ချစ်ခင်နှစ်သက်ခြင်း၌ သူ၏ယုံကြည်ခြင်းကို အဘယ်ကြောင့် အဝေးသို့လွှင့်ပစ်ခဲ့သနည်း။ ဒါဝင်သည် သူ၏မြောက်များစွာသော၊ ပုဂ္ဂိုလ်ရေးရာဆိုင်ရာအဆက်အသွယ် မှတ်စု စာအုပ်များနှင့် သိပ္ပံ ဆိုင်ရာ စာရွက်စာတမ်းတို့၏ လက်ရာ၊ စာရွက်စာတန်းများ၌ မည်သူ၊ အဘယ်အရာနှင့် ဘာကြောင့်ဆိုသည့်မေးခွန်းများကို ဖြေကြားထားခဲ့သည်။

ချား(လ်) ၏လက်ထဲ၌ ဖောင်တိန်အမြဲတမ်းရှိပုံရပါသည်။ ကျွမ်းကျင် ပြီးသော သဘာဝလောကပညာရှင်ကဲ့သို့ မြောက်မြားစွာသော မှတ်စုများ ကိုရေးမှတ်သူ၊ အသေးစိတ်အချက်အလက်အတွက်အမြင်ရှိ သော သူဖြစ်ရန် မျှော်လင့်ခဲ့ပေလိမ့်မည်။ ဒါဝင်သည် လေ့လာသင် ယူခဲ့သော စာအုပ်များ၏ မာဂျင် (Margings) များပေါ်၌ မှတ်စုများကို ရေးသားရန် နှစ်စဉ် စဉ်းစား လိမ့်မည်မဟုတ်ပေ။ သူသည် ဖရိုဖရဲနိုင် သော စာအုပ်များ၊ စာအုပ်ကြီးများ ၏အဖုံး အပြဲအပိုင်းအစများအတိုင်း သူနှင့် အတူသယ်ဆောင်နိုင်ခဲ့သည်။ ဒါဝင်၏ ၁၅,၀၀၀ကျော်ရှိသော ပုဂ္ဂိုလ်ရေးရာ၊ လူမှုရေးရာစာမူများသည် (Cambridge) ကမ်းဘ ရိတ်(ချ်) တက္ကသိုလ်၌ အခြေကျနေပြီးဖြစ်ပါသည်။

ဒါဝင်၏သားသမီး (၁၀)ယောက်တွင်၊ ခုနှစ်ယောက်မြောက် သား ဖရန့်စစ်ဒါဝင် (Francis Darwin) သည် သူ့ဖခင်၏ ပေးစာများကို (၁၈၈၇) ခုနှစ်၌ ထုတ်ဝေခဲ့ပြီး၊ (၁၉၀၃) ခုနှစ်၌လည်း ဒုတိယအကြိမ်ထုတ် ဝေခဲ့သည်။ (၁၈၇၈)ခုနှစ်၌ သူပြုစုခဲ့သော ဒါဝင်၏အတ္ထုပတ္တိသည် သူ၏မိသားစုအတွက် ရည်ရွယ်ထားသော်လည်း ဖရန့်စစ်နှင့် သူ၏မိသား စုသည် ဒါဝင်ကိုယ်တိုင်ရေး အတ္ထုပတ္တိကို (၁၈၉၂)ခုနှစ်၌ ထုတ်ဝေခြင်း ပြုရန် ဆုံးဖြတ်ခဲ့ကြသည်။ ဒါဝင် ၏အသေးစိတ် အချက်အလက်များသည် တစ်ခုနှင့်တစ်ခု ကောင်းမွန်စွာ ဖွဲ့စည်းထားသော ဆက်နွယ်မှုများရှိပြီး၊ ကိုယ်တိုင်ရေး အတ္ထုပတ္တိများသည် လူ့ဘဝအသက်တာနှင့်စိတ်ကူးတို့ကို လိုက် လျောက်ရန်လွယ်ကူသော လမ်းညွှန်ချက်များဖြစ်သည်။

ချား(လ်)ဒါဝင်သည် (၁၈၀၉)ခုနှစ်၊ ဖေဖော်ဝါရီ (၁၂ )ရက်နေ့ အင်္ဂလန်နိုင်ငံ ရှယ်ပူရီမြို့၌ ဂုဏ်သတင်းကြီးပြီး ချမ်းသာကြွယ်ဝသော မိသားစုမှ မွေးဖွားခဲ့သည်။ သူသည် အလွန်ပင်အောင်မြင်ကျော်ကြားသော သူ၏ဖခင် သမားတော် (ဆရာဝန်) ရောဘတ် (Robert) လူနာ များကို ကုသခဲ့သော အလွန်ကြီးကျယ်ခမ်းနားသည့် အိမ်ကြီး၌ ကြီးပြင်း

လာခဲ့သည်။ ဒါဝင်၏ ဖခင်သည်သူနေထိုင်ရာ၌အရပ်သားတို့၏ ချစ်ခင်လေးစားမှုကိုသာယာကြည်နူးခဲ့ပြီး လူအများ၏ ပြောဆိုမှုများအရ သူ၏ဝင်ငွေသည် အခြားကျေးရွာဆရာဝန်များ၏ ဝင်ငွေထက်အမြင့် ဆုံးရှိခဲ့သည်။

ကျွန်တော်သိကျွမ်းခဲ့ဘူးသော လူများတွင် ကျွန်တော်၏ဖခင်သည် ကြင်နာတတ်သောသူဖြစ်ပြီး သူ၏မှတ်ဉာဏ်ကို ကျွန်တော်ကြိုက်သည်ဟု ရေးသားထားခြင်းကိုကြည့်ခြင်းအားဖြင့် သူ၏ဖခင်ကို နက်ရှိုင်းစွာ ချစ်မြတ်နိုးခြင်းဖြင့် သတိရနေခြင်းဖြစ်သည်။ ဒါဝင်သည် သူ၏ဖခင် တွင်ရှိသော ဆေးပညာကို လက်တွေ့ကျကျသိရှိမှု၊ ဘဝပေးအသိပညာ၌ အတွေ့အကြုံရှိမှုနှင့် လူများ၏လိုအပ်ချက်များအပေါ် စာနာထားတတ် သောအရာများကို လေ့လာခဲ့သည်။ နိုင်ငံတော်၏ မြင့်မားသော အခွန်ဘဏ္ဍာ၏ သက်ဆိုင်မှု၌ အောင်မြင်ခြင်းကို သယ်ဆောင်နိုင်ရန် လက်တွေ့ ကျသောဆေးပညာ၏ နည်းစနစ်တစ်ခုဖြစ်ခဲ့သည်။ ရင်းနှီးမြုပ်နှံသူ ရောဘတ်ဒါဝင် (Robert Darwin) သည်လည်း စီးပွားရေးလုပ်ငန်း၌ ထူးခြားပြောင်မြောက်သော စွမ်းရည်ရှိသူတစ်ယောက်ဖြစ်သည်။

ဒါဝင်၏အဖိုး၊ ရောဘတ်၏ဖခင် အဲရ်မားစ် (Erasmus) သည် ပါရမီဉာဏ်နှင့်ပင်ကိုယ်စွမ်းရည်ရှိသော သမားတော်ဖြစ်ရုံသာမကာ ကဗျာ ဆရာ၊ အတွေးအခေါ်ပညာရှင်၊ ရုက္ခဗေဒပညာရှင်နှင့် တီထွင်သူ တစ်ယောက်ဖြစ်ပါသည်။ သူသည်သူ့မှတ်ဉာဏ်ထဲ၌ ချမှတ်ထားသော အရာအားလုံးနီးပါးကို ဆောင်ရွက်နိုင်သော လုပ်နိုင်စွမ်းရည်ရှိပါသည်။ သူသည် သူ၏အချိန်ကာလ၌ တီထွင်သူများနှင့် သိပ္ပံပညာရှင်တို့၏ ဖန်တီးတီထွင်နိုင်သော စက်မှုပညာ၌ ထူးချွန်မှုများကို နှစ်သက်မြတ်နိုးသူ တစ်ယောက်ဖြစ်သည်။ သူသည် ထိုပညာရှင်များနှင့်အတူ ပုခုံးခြင်းပွတ် သပ်ခဲ့ပြီး၊ တီထွင်မှုတရပ်မဟုတ်သည့် စိတ်ကူးဉာဏ် အတွေးအခေါ်များ ပါဝင်သော "ဒါဝင်၏ အသစ်အဆန်းမပါသော စာအုပ်"ကို ရေးသား ခဲ့သည်။ မိတ္တူစက်များအပါအဝင်၊ ဒုံးပျံများ (canal life) နှင့် မြောက် များစွာသော သူ၏အတွေးအခေါ်များသည် အမှန်တကယ်ပင် ဖြစ်လာ ခဲ့သည်။ ကိုယ်ခန္ဓာကြီးမားဝဖိုင်းသော သူ၏ ကိုယ်ခန္ဓာသည် ထမင်းစားခန်းထဲ၌ရှိသော ထိုင်ခုံကို ဝင်ဆံ့နိုင်ရန် လိုအပ်သော ပြုပြင်ပြောင်းလဲမှုကို ပြုလုပ်ရန် ထောက်ပြခဲ့သည်။ အမ်ရ်မား(စ်) (Erasmus) သည် မြေးဖြစ်သူ ချား(လ်) မမွေးခင် (၁၈၀၂ )ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

ချား (လ်) မိခင် ဘူဝက်ဝိုးသည်လည်း နာမည်ကျော်စက်မှု လုပ် ငန်းရှင်၊ တီထွင်သူနှင့် နာမည်ကြီးကြွေထည်၊ မြေထည် စီးပွားရေးလုပ်ငန်း ကိုတည် ထောင်သူ ဂျိုစီရ (Josiah Wedgwood) ၏သမီးဖြစ်သည်။ ဝတ်ဝုတ် (Wedgwood) မိသားစုနှင့် ဒါဝင်မိသားစုသည် စီးပွားရေးနှင့် လက်ထပ်ခြင်း၌ အချိန်ကြာမြင့်စွာ မိသားစုသမိုင်းရှိခဲ့ကြသည်။ အမ်ရ် မား(စ်) (Erasmus daru) နှင့် ဂျိုစီရ (Josiah Wedgwood) တို့သည် ရင်းနှီးသောသူငယ်ချင်း များဖြစ်ကြသည်။ (၁၇၉၆)ခုနှစ်တွင် အဲရ်မား(စ်) (Erasmus) ၏သား ရောဘတ်သည် (Wedgwood) သူ၏ သမီးကြီး စူစန်နု (Susannah) နှင့် လက်ထပ်ခဲ့သည်။ ရောဘတ် နှင့်စူစန်တို့၌ သားသမီးငါးယောက်ရှိခဲ့ပြီး၊ ချား(လ်)သည် ဒုတိယအငယ်ဆုံးသားဖြစ် သည်။ ဒါဝင်၏မိခင်သည် ဒါဝင်(၈)နှစ်သား အရွယ် သူမ၏အသက်(၃၂) နှစ်အရွယ်၌ ကွယ်လွန်ခဲ့သည်။ သူ၏မိခင်နှင့်ပတ်သက်သော အကြောင်း အရာများကို အနည်းငယ်သာ မှတ်မိပြီး သူနောက်ပိုင်း ပြောခဲ့သည်မှာ "သူမသေအုံ့ဆဲဆဲအချိန် အနက်ရောင် ကတ္တီပါဂါဝန်နှင့် သူမစူးစမ်း ချင်စိတ် ပြင်းပြစွာဖြင့် တည်ဆောက် ခဲ့သော အလုပ်စားပွဲခုံတို့မှလွဲ၍ အခြားသော သူမ၏အကြောင်းအရာများကို ကျွန်တော်မမှတ်မိနိုင်ခြင်းမှာ အံ့သြဖွယ်ဖြစ်ပါသည် ဟု ပြောဆိုခဲ့သည်။

စူစန်န (Susannah) သည် မကြာခဏဖျားနာခြင်းကြောင့် အိပ်ယာထဲ မှမထနိုင်ဘဲ သူမ၏သားကို ကျွေးမွေးစောင့်ရှောက်ခြင်း မပြု နိုင်ခဲ့ပေ။ ဒါဝင် သည်အသက် ငယ်ငယ်နှင့် သူ၏မိခင်ကို ဆုံးရှုံးလိုက်ရ သော်လည်း သူ၏ငယ် စဉ်ဘဝကို ပျော်ရွှင်ခဲ့သည်။ အဘယ်ကြောင့်ဆို သော် မိခင်၏လိုအပ်ချက်ကို သူ၏မွေးခြင်းအစ်ကို၊ အစ်မများက ဖြည့်ဆည်းပေးခြင်းကြောင့်ဖြစ်ပုံရပါသည်။ သူသည် သူ၏အစ်မကြီး ( ၂ )ယောက်နှင့်ခိုင်မာသောသံယောဇဉ်ရှိပြီးအထူးသဖြင့် သူ့အစ်ကိုကြီး အဲရ် မား(စ်) (Erasmus) နှင့် သံယောဇဉ်ပိုရှိသည်။

## ဒါဝင်မိသားစုနှင့်ဘာသာတရား

စူစန်န (Susannah) နှင့် သူမ၏သားသမီးများသည် အသက်ငယ်စဉ်အချိန်တွင် “ ဤဘုရားကျောင်း၌ အသင်းသားများနှင့်မ ကြာခဏလာရောက်ကိုးကွယ်ဝတ်ပြုသူ” ဟုရေးထိုးထားသော ဒါဝင်၏ အမှတ်တရ ကျောက်တိုင်ရှိသော ရှယိုစဘယ်ရီ (Shrewsbwry) ယူနိုက် တီယမ် (Unitarian) အသင်းတော်တွင် တက်ရောက်ခဲ့ကြသည်။ ယုံကြည်ခြင်းဖြင့် (၁၇၈၀) ခုနှစ် နောက်ပိုင်းယူနိုက်တီယမ် (Unitarian) အသင်းဝင်ဖြစ်သူ၊ မိသားစု၏ယုံကြည်မှုကို ခိုင်မာအောင် လွှမ်းမိုးမှုမျိုးကို လေ့ကျင်ပေးခဲ့သူ သူမဖခင်ဖြစ်သူ ဂျိုစီရဝေ့ဂုတ် (Josiah Wedgwood) နောက်သို့ လိုက်သွားခဲ့ တော့သည်။

ယူနိုက်တီယမ် (Unitarian) အသင်းတော်၌ သတ်မှတ်ထားသော ဩဝါဒ (သို့) အယူဝါဒမရှိသော်လည်း အသင်းတော်တစ်ခုစီတိုင်း ကိုးကွယ်ခြင်းနှင့် ဟန်ပန်အမူအရာ၌ ပြိုင်ဘက်ကင်းစေရန် ခွန်အားပေးထားပြီး များစွာသော အောသဒေါ့စ် (Orthodox) ခရစ်ယာန်ကိုးကွယ်မှု သည် စီဆင်းလာခဲ့သည်။

(Unitarian) ၏ယုံကြည်မှုသည် မှန်ကန်သောအရာနှင့် သမ္မာကျမ်းစာအပေါ်၌ မှီခိုအားထားမှုမရှိစေရန်သူတို့ကိုယ်တိုင်နှင့်အခြားသူများကို တိုးတက်ကောင်းမွန်လာအောင် တစ်ဦးတစ်ယောက်စီတိုင်း၏ စွမ်းရည်သတ္တိအပေါ်တွင် အာရုံစိုက်ခဲ့သည်။ ယူနိုက်တီစင်မ် (Unita -riaism) သည် ခရစ်တော်သည်ဘုရားဖြစ်ခြင်း၊ သုံးပါးတစ်ဆူနှင့် လူသားများအပြစ်ထဲသို့ ကျရောက်ခြင်းစသည့်အရာများကို ငြင်းပယ်ကြသည်။ လူသည် အခြေခံအားဖြင့် ကောင်းသောသူဖြစ်သောကြောင့် ငရဲ ကျရန်၊ တရားမစီရင်သင့်သော အရာအဖြစ်ဆွဲကိုင်ထားကြသည်။ ဖြစ်ရိုး ဖြစ်စဉ်ကို မလိုက်သော သူ၏ ကိုယ်ခန္ဓာသည် အင်္ဂလန်အသင်းတော်ကို တည်ထောင်ခဲ့ခြင်းမှ အများနှင့် သဘောထား ဆန့်ကျင်သည်ဟု ထင်မှတ်ခဲ့သည်။ ချား(လ်)သည် ယူနိုက်တီယမ် (Unitarian) အသင်းတော်တွင် တက်ရောက်ခဲ့သော်လည်း သူ၏ဖခင်သည် ချား(လ်) အင်္ဂလန်အသင်းတော်၌ နှစ်ခြင်း ခံယူခဲ့သောအချိန်တွင်ရှိနေခဲ့သည်။

ချား(လ်)ဒါဝင်သည် သူ၏တဝမ်းကွဲညီမ၊ မိသားစု၏ (Unitarian) သုံးပါးတဆူကို ငြင်းပယ်သောဝါဒ ယုံကြည်မှုကို သစ္စာရှိစွာ လိုက်လျှောက်ခဲ့သော (Emma Wedgwood) နှင့် လက်ထပ်ခဲ့ပါသည်။ ဤထူးခြားသော လင်မယားအနှောင် အဖွဲ့သည် ချား(လ်)နှင့် အဲရ်များ(စ်) နှစ်ယောက်စလုံးအတွက် သုံးပါးတဆူကို ငြင်းပယ်သော ဝါဒသည် အဘိုးဖြစ်သူ ဂျိုစီရ (Josiah Wedgwood) နှင့် တူညီမှုဖြစ်စေပါသည်။ ချား(လ်)သည် သူ့မိခင်သေဆုံးပြီးနောက် သူ၏အမများနှင့်အတူ ပုံမှန် ယူနိုက်တီယမ် (Unitarian) အစီအစဉ်များသို့ ဆက်လက်တက်ရောက် ခဲ့ပြီးနောက် သူ၏ အမျိုးသမီးနှင့်အတူ သူတို့၏ မင်္ဂလာသက်တမ်း (၁၀) နှစ်အချိန်အတွင်း ပုံမှန်တက်ရောက်ခဲ့သည်။

သို့သော်လည်း သူ၏ချစ် လှစွာသော ဒုတိယကလေး (၁၀)နှစ်အရွယ် သမီးလေး (Annie) သေဆုံး ပြီးနောက် ဘုရားသခင်ကို ကိုးကွယ်မှုမပြုရန် ကျိန်ဆိုခဲ့သည်။ ဒါဝင်သိပ်ချစ်သော သမီးငယ် Annie သည် (၁၈၅၁) ခုနှစ်၌ အဆုတ်နာ ရောဂါ ကို နာကျင်စွာခံစားရပြီး ကွယ်လွန်သွားခဲ့သည်။ ထို့နောက် ဒါဝင်သည် ဝတ်ပြုကိုးကွယ်ဖို့ရန်အသင်းတော်သို့တက်ရောက်လာခဲ့ခြင်းမရှိတော့ပေ။ ထာဝရကာလနှင့်ကောင်းကင်နိုင်ငံ၏ အယူအဆကို သူသည် စွန့်ပစ်ခဲ့ပြီး သူ၏သမီးသေခြင်းကို အကြောင်းပြု၍ "ကျွန်ုပ်တို့၏တခု တည်းသော ဖြေသိမ့်စရာမှာ ပျော်ရွှင်စရာဘဝကြီးဖြစ်ပေမဲ့လည်း၊ သူမသည်တို တောင်းသော အချိန်ကာလလေးကိုသာဖြတ်ကျော်ခဲ့သည်" ဟူ၍ရေးသား ခဲ့သည်။

ဒါဝင်၏ပညာရေးကို (၁၈၁၇)ခုနှစ် (၈)နှစ်သားအရွယ်တွင် သူကျောင်းဆရာအဖြစ် အမှုထမ်းရွက်ခဲ့သော (Unitarian) ဘာသာပြု အရပ်ဒေသ (Grammer) ကျောင်း၌စတင်ခဲ့သည်။ နောင်အခါတွင် ချား(လ်)သည် သူ၏အကိုကြီး အဲရ်မား(စ်)၏ကျောင်းဖြစ်သော Rev. Samuel Butler၏ နာမည်ကျော်ကြားပြီး၊ ကျောင်းအိပ်ကျောင်းစားလက်ခံသော ကျောင်းသို့ ဝင်ရောက်ခဲ့သည်။ ရိုးရာစာပေနှင့်ဆိုင်သော သင်ရိုးညွှန်းတမ်းကို သင်ကြားပေးသော ထိုကျောင်းတွင် ဒါဝင်သည် ဆရာတဆူ ဖြစ်ရန် ဂရိဘာသာ နှင့်အခြားသောဘာသာစကားများကို သင်ယူဖို့ရန် လိုအပ်ခဲ့သည်။ "ကျွန်ုပ် ကောင်းမွန်စွာ မလုပ်ဆောင်နိုင် ခဲ့ပါ"ဟူ၍ ဝန်ခံခဲ့သည်။ ကျွန်ုပ်သည် ကျွမ်းကျင်သောဘာသာစကားတခုမျှမှီနိုင်အောင် မစွမ်းဆောင်နိုင်ခဲ့ပေ။ (၄၈)နာရီအတွင်း လွယ်ကူစွာ မေ့လျော့သွားသည်ဟူသော ဒါဝင်၏ပြောဆိုချက်သည် မှတ်မိနိုင်ခြင်း၏ လိုအပ်ချက်ပင်ဖြစ်သည်။ သူ့အတွက် Rev Butlers ကျောင်းသည် အချိန်ကိုဖြုန်တီးခြင်းဖြစ်သည်။ "အချီးနှီးသာ" "ကျွန်ုပ်နှလုံးသားကို ကြီးထွားရှင်သန်ရန် ဆိုးရွားစွာ လုပ်ဆောင်ခဲ့သည်" ဟုရေးသားခဲ့သည်။

ချား(လ်) ဖခင်သည် သူ၏ပညာရေးစွမ်းဆောင်ချက်ကို ခြွင်းချက် ထားခဲ့သည်။ သူ၏ဖခင်သည် သူ့ကို "မင်းဟာဆိုရင် ဘာမှစိုးရိမ်မှုကို မရှိဘူး" သေနပ်ပစ်တာတွေ၊ မြွေဖမ်းတာနှင့် ကြွက်တွေဖမ်းတာဘဲရှိတယ်။ မိသားစုအားလုံးနဲ့ မင်းဘဝကို မင်းအမှတ်ရလိမ့်မယ်" ဟုပြောဆိုခဲ့သည်။ ဖူးသစ်စသဘာဝလောကပညာရှင် ဒါဝင်သည် ကျောင်း၌ငြီးငွေ့ဖွယ် ကောင်းသူ ဖြစ်ခဲ့သည်။ သို့သော်လည်း ခြေလျင်ခရီးထွက်ခြင်း၊ တွင်းထွက် ပစ္စည်းများ၊ ကျည်ဆံခွံများ၊ အင်းဆက်ပိုးများ၊ ကျောက်တုံးများနှင့် အပင်များကို စုဆောင်းခဲ့သည်။ သဘာဝတရား၌ရှိသော သူ၏စိတ်ဝင်စား မှုသည် သူ၏ယုံကြည်ခံယူချက်ကို နောက်ပိုင်း စွန့်စားပြီး HMS Beagle သင်္ဘောပေါ်၌ ကမ္ဘာအနှံ့ခရီး သွားဖို့ရန် သူ့ကိုတွန်းအားပေးခဲ့သော ကမ္ဘာကြီး၏ အံ့သြဖွယ်ရာများကဲ့သို့သော စာအုပ်များအားဖြင့် လောင်စာ ဖြစ်ခဲ့သည်။

## တဖက်စွန်းရောက်သော လူ့အဖွဲ့အစည်း

ချား(လ်)၏ အဖိုးများဖြစ်သော အိရ်မား(စ်)ဒါဝင်နှင့် ဂျိုစီရဝေ ဝုတ် နှစ်ယောက်စလုံးသည် အတက်ပညာရှင်များ၊ သိပ္ပံပညာရှင်များနှင့် လစဉ် လပြည့်နေ့ (ညအချိန်နှင့်အိမ်အပြန်လမ်းတွင် အလင်းရောင် ကောင်းမွန်စွာ ရရှိအောင်နှင့် နီးကပ်သော တနင်္လာနေ့၌တွေ့ဆုံလေ့ရှိကြသော စက်မှုလုပ်ငန်း ရှင်များ၏ လူမှုရေးအသင်းအဖွဲ့များ၌ အသင်းဝင်ဖြစ်ကြသည်။ အဖွဲ့အစည်းသည် စက်မှုတော်လှန်ရေးအတွက် စီးပွား ရေးအကြံပေးအဖွဲ့ ဖရင်မင်ဂရမ် လူနာ (Birmingham Lunar Society)သည် ပစ္စည်းဥစ္စာဝါဒနှင့် အတွေးအခေါ်များကို အခြေခံထားသောအရာပေါ်၌ လူသားများ၏ တိုးတက်ခြင်း ပန်တိုင်ကဲ့သို့သော အတွေးအခေါ်ရှိကြ သည်။

ဤ ၁၈ ရာစု အဆိုတင်သွင်းသူများနှင့် နိုးဆော်သူများသည် သြဇာရှိသော အထက်တန်းလွှာ စုစည်းခြင်းကို ညီမျှခဲ့ပါသည်။ ဗြိတိန် ရူပဗေဒပညာရှင် ဒေါက်တာ အက်စမောင်းကင်ဟီးလေး (Desmond King - Hele) ပြောခဲ့သည်မှာ လူနာအသင်းအဖွဲ့ အသင်းဝင်သည် ပြစ်သစ်အတွေးအခေါ်ပညာရှင်များထက်များစွာ အထင်ကြီးလောက် အောင် အသိပညာကြွယ်ဝရန်၊ ဗြိတိန်ထောက် ခံသူများကို ဦးဆောင်သူ များအဖြစ် ယခုမြင်တွေ့ရသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ဆင်စွယ် မျှော်စင်မှအတက် ပညာရှင်များ၏ ဟောပြောခြင်းမှ အစား လက်တွေ့လုပ်ဆောင်တတ်သူများဖြစ်ကြသည်။ ရေနွေးစက်ပေါင်းကို တီထွင်ခဲ့သော ကျိမ်းဝက် (James Watt) အပါအဝင် အခြား အသင်းဝင်များ ဖြစ်ကြသော ရေနွေးငွေ့စက်ခေါင်းထုတ်လုပ်သောသူ Matthew Boulton နှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်၊ Carbonated water အောက်စီဂျင်နှင့် နိုက်ထရိုဂျင် အောက်ဆိုဒ်တို့ကို ရှာဖွေတွေ့ရှိခဲ့သူ အပျော်တမ်း ဓါတုဗေဒပညာရှင်၊ အတွေးအခေါ်ပညာရှင်နှင့် Unitarian ၏ တရားဟောဆရာဖြစ်သူ ဂျိုးကော်ဖရီစလီ တို့ဖြစ်ကြသည်။ Benjamin Franklin သည် ဤအဖွဲ့၏အစည်းအဝေးသို့ မကြာခဏ လည်ပတ် ခြင်းကိုပြုခဲ့သည်။

လူနာအသင်းအဖွဲ့သည် အစိုးရဖိနှိပ်ချုပ်ချယ်ခြင်းနှင့်ဥပဒေမှ လူများကိုလွှတ်မြောက်ရန် ကြိုးပမ်းမှုထောက်ခံခဲ့သည်။ သူတို့သည် ပြင်သစ်နှင့် အမေရိကန်ကို ရည်မှန်းထားသော တော်လှန်ရေးများနှင့် သဘော တူခဲ့ကြသည်။ ဤတစ်ဖက်စွန်းအုပ်စုများသည် ဘုရားသခင်ကို ငြင်း ပယ်သူများအဖြစ်ညွှန်းဆိုကြသည်။ အဲရ်မား(စ်) (Erasmus Daruim) သည် ဘုရားသခင်၏ မပြောနိုင်သော အကြောင်းတရားဟုခေါ်ခဲ့ပြီး ဂျိုး ဇက်ဖရီစလီ (Joseph Priesttley) သည်လည်း (၁၈)ရာစုတွင် အင်္ဂလန်၌ Unitarianism ၏အရေးကြီးဆုံးသော ထောက်ခံအားပေးသူ ဖြစ်ခဲ့သည်။

## အဖိုးနှင့်တူသော မြေး

လူနာ (Lunar) အသင်း၏ ဦးဆောင်အဆိုတင်သွင်းသူ အဲရ်မား (စ်)ဒါ ဝင် (Erasmus Darwin) သည် ဆင့်ကဲ ဆင့်ကဲပြောင်းလဲမှုကို ထောက်ခံသူအဖြစ် အတည်ပြု ခံရသည်။ အောက်ဖော်ပြပါ အကြောင်းအရာကို သူယုံကြည်ခဲ့သည်။

အားလုံးသော သွေးနွေးသတ္တဝါများသည် တရိစ္ဆာန်များနှင့်ဆိုင် သောအရာနှင့်ပထမဆုံး ကြီးကျယ်ခမ်းနားသောအရာကိုဖြစ်စေသည့် အသက်ရှင်သော နန်းမျှင်တစ်ချောင်း မှသော်လည်းကောင်း၊ အင်အား ကြီးမားသော အသစ်သောအစိတ်အပိုင်းများ သိုမှီးခြင်းမှသော် လည်းကောင်း၊ အသစ်သော အလေ့အထနှင့်အတူ တည်ရှိနေခြင်းသော် လည်းကောင်း၊ ကျိန်းစပ်ခြင်း၊ ခံစားရခြင်း၊ ဆန္ဒရှိခြင်းနှင့် အချင်း ချင်းဆက်သွယ်ခြင်းအားဖြင့် ညွှန်ပြခြင်းဖြစ် ပေါ်လာခဲ့ကြပြီး၊ ဤနည်းအ တိုင်း ထိုအရာ၏ ကိုယ်ပိုင် ရှိယင်းစွဲ လှုပ်ရှားမှုအားဖြင့် တိုးတက်ကောင်း မွန်အောင် ပိုင်ဆိုင်သောအစွမ်းအစနှင့် ဆက်လက်ဖြစ်ပေါ်နေခြင်းသော် လည်းကောင်း၊ ထိုအရာတို့၏ နောင်လာ နောက်သားတို့၏ မျိုးရိုးစဉ်ဆက် အားဖြင့် ထိုအရာများ၏တိုးတက်ခြင်းများ မွေးဖွားလာခြင်းအားဖြင့် ကမ္ဘာ မြေကြီးသည် အဆုံးသတ်မရှိနိုင်ပါ။

ဒါဝင်၏အဖိုး၌ရှိသော ဆင့်ကဲဆင့်ကဲပြောင်းလဲခြင်း၏ အယူအဆ ဆသည် သူ၏မြေးအသက် (၆၅)နှစ်နောက်ပိုင်း အဆိုပြုတင်သွင်းခဲ့သော အရာနှင့် မျက်မှောက်ခေတ်တွင် ဆင့်ကဲဆင့်ကဲ ပြောင်းလဲရေးလုပ် ဆောင်သူများနှင့် ကိုက်ညီခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ ဇီဝဗေဒဆိုင်ရာ ပြောင်းလဲခြင်း၏ ထင်မြင်ချက်သည် ဓါတ်ခွဲခန်းထဲ၌ (သို့)ပညာရပ်

နယ် ပယ်၌ ရှေ့သို့လျှောက် လှမ်းရန် ဘယ်သောအခါမျှ သတိပြုခဲ့မိမည်မ ဟုတ်ပေ။ ငါးကဲ့သို့သော ဇီဝရုပ်ထဲသို့ ခြေလက်အင်္ဂါ များပေါင်းထည့်ကာ သွေးနွေးသတ္တဝါဖြစ်သော နွားမသည် ဘာမျှမဟုတ်သော်လည်း စိတ်ကူး ယဉ်ဆန်ပြီး ဖြစ်နိုင်ခြေမရှိ သောအရာပင်ဖြစ်သည်။

သူ၏အချိန်ကာလ၌ ကျော်ကြားသောပညာရှင် အဲရ်မား(စ်)(Erasmus) သည် သူ၏ *Zoonomia* (သို့) ၁၇၉၄နှင့် ၁၇၉၆ခုနှစ်၌ ထုတ်ဝေခဲ့ သည့်(၂)တွဲဖြစ်သော "ဇီဝအခြေခံသည့် အသက်၏နိယာမ" စာအုပ်၌ ဤမိုက်မဲသောမူလလမ်းကို အမှန်တကယ် ပင် လိုက်လျှောက်ခဲ့သည်။ ဤလက် တွေ့ကျသောလမ်းညွှန်ချက်များသည် ဆရာဝန်သမားတော်များအတွက် ဖွဲ့ဆိုသရုပ်ဖော်ပြီး မျိုးတူပုံ့နှံ့သော ရောဂါများကို အချိန်နှင့်ကုသမှုပြုရန် ညွှန်ကြားထားသော အရာဖြစ် သည်။ ဤအရေးကြီးသောအလုပ်သည် တောင်းဆိုမှုအလွန်များပြီး များစွာ သော တည်းဖြတ်ထုတ်ဝေခြင်းများနှင့် ဘာသာပြန်ဆိုခြင်းများသာမက ထိုလမ်းညွှန်ချက်များသည် Attantic သမုဒ္ဒရာမှ America သို့တိုင်ဖြတ်ကျော်သွားခဲ့သည်။ Erasmus သည် သူ၏ဆင့်ကဲဖြစ် စဉ်နှင့်ဆိုင်သော အရာကို ထောက်၍ ဆင့်ကဲဖြစ်စဉ်အဆိုကြမ်းတင်သွင်းခြင်း၏ ပထမဆုံးပြည့်စုံသော ဖော်ပြခြင်းဖြစ်သည်။ ပုံနှိပ်ထုတ်ဝေခြင်း တခုလုံး၌ ပါဝင်ခဲ့ သည်။ ထိုအရာသည် ခရစ်ယာန်ဘာသာဆီသို့ အကိုဖြစ်သူ ဒါဝင်၏ ပူလောင် မုန်းတီးမှုကို ထွက်ပေါက်ပေးခဲ့ပါသည်။ " ယုံစားလွယ်ခြင်း၊ အစွဲ အလမ်းရှိခြင်း၊ မျှော်လင့်ခြင်းနှင့်ငရဲကို ကြောက်ရွံ့ ခြင်း" စသည်တို့သည် သူ၏ရောဂါများ၏စာရင်း၌ပါဝင်ခဲ့သည်။

Erasmus Darwin ၏ ၁၈၀၂ ခုနှစ် ကဗျာဖြစ်သော " သ ဘာဝ၏ ဘုရားကျောင်း" သည် ကမ္ဘာအနှံ့ သူ၏ ဆင့်ကဲ့ဆင့်ကဲဖြစ်စဉ်နှင့် ဆိုင်သော အရာကိုထင်ရှားစေပြီး ဇီဝကိုအခြေခံသော အသက်နှင့်မ လှုပ်မယှက်စုသော ပင်လယ်မှ ဖြစ်ပေါ်လာသော အတွေးအခေါ်အယူအ သည် နောက်ပိုင်း၌ သူ၏မြေးဆီသို့ ရောက်လာခဲ့ပြီဖြစ်သည်။

*သဘာဝ၏ဘုရားကျောင်း*

ကမ်းခြေမဲ့လှိုင်းလုံးများအောက်က သမုဒ္ဒရာ၏ ပုလဲကဲ့သို့ ဂူတွင်မွေးဖွားပြီး spheric glass အားဖြင့် စောင့်ရှောက်ခြင်းခံရသော မမြင်ဖူးသေးသော ပထမအသွင်အပြင်အရွယ်၊ ရွံ့သည်ရွှံ့လျား(သို့) ရေထုကိုထိုးဖောက်စသောအရာများသည် မျိုးရိုးအစဉ်အဆက်ဖူး ဖွင့်လာသော ပန်းပွင့်ကဲ့သို့ အသစ်သောတန်ခိုးများကို သိမ်းကာ ကြီးမားသော ကိုယ်လက်အ ဂါများအဖြစ်ယူဆကာ မရေမတွက်နိုင်သော အုပ်စုများ၏အရပ်ဒေသ သဘာဝပေါက်ပင်၏ ကာတိငါးဆူးတောင် ခြေဖဝါးများနှင့် အတောင်ပံတို့၏ အသက်ရှင်နေသော နယ်ပယ်ဟူ၍ ဖွံ့နွဲ့ခဲ့သည်။

Erasmus Darwin သည် မည်သို့အားဖြင့် အမျိုးအစားတစ်ခုမှ နောက်တစ်ခုသို့ ဆင့်ကဲဆင့်ကဲပြောင်းလဲလာခဲ့သည်ကို ရှင်းပြမပေးခဲ့ပါ။ သို့သော်လည်း သူ၏မြေးကဲ့သို့ အသက်နှင့်ဖိုမမျိုးပွား ရွေးချယ်ခြင်း၏ ကြိုးစားယှဉ်ပြိုင်ခြင်းကို ဖော်ပြခဲ့သည်။ ချား(လ်)ဒါဝင်သည် ဆင့်ကဲဆင့် ကဲပြောင်းလဲခြင်းအတွက် စက်ယန္တရားကဲ့သို့ သဘာဝတရား၏ ရွေးချယ် ခြင်းကို ဖော်ထုတ်ခဲ့ခြင်းကြောင့် သူရဲကောင်းကဲ့သို့ ကြိုဆိုဂုဏ် ပြုခြင်းခံရသည်။ သို့သော် ထိုသို့ပေါ်ပေါက်လာခြင်းသည် သူ၏အဖိုးတွင် သဘာဝတရားရွေးချယ်ခြင်း စကားအသုံးအနှုန်း မဖော်ပြသော်လည်း အ စောပိုင်း ရာစုနှစ်၌ တူညီစွာ ပြောဆိုခဲ့သည်။

ဒါဝင်သည် သူ့အဖိုး၏ *Zoonomia* စာအုပ်ကိုဖတ်သော အချိန်တွင် “ကျွန်ုပ်အပေါ်သို့ထွက်ပေါ်လာသော အကျိုးသက်ရောက်မှု” ရှိလိမ့်မည် မဟုတ်ပါဟု ပြောဆိုခဲ့သည့် တချိန်တည်းမှာပင် ထိန်းသိမ်းခြင်းနှင့်ချီးမွမ်းခြင်းများကဲ့သို့ အသက်၌တော်တော် စောစွာကြား ရသောအဖြစ်များသည် ကျွန်ုပ်၏မူလအမျိုးအစား၌ခြားနားသော ပုံစံ အောက်တွင် ကျွန်ုပ်သူတို့ကို ထိန်းသိမ်းထားခြင်းကို ထောက်ခံခဲ့လိမ့်မည် ဖြစ်သည်ဟု သူဝန်ခံသည်။ သူသည် စောဆီးစွာ အချက်အလက်များပေး ရန်ဖြစ်တည်ခြင်း အစိတ်အပိုင်းတစ်ရပ်သည် တင်မြင်ချက်အလွန်ပင်ကြီး မား ကြောင်း ဒုတိယအကြိမ် ဖတ်ရှု့ခြင်း၌ အလွန်ပင်စိတ်ပျက်ခဲ့သည်ဟု "Zoonimia" ကို ဒါဝင်ပြောဆိုခဲ့သည်။

ဒါဝင် သူ၏အဖိုးကို ဆန်းစစ်ဝေဖန်မှုသည် “မူလအမျိုးအစား ပေါ်၌” စာအုပ်ကို ဝေဖန်သူများအားဖြင့် ကြီးမားစွာ ပွဲတင်ထပ်ခဲ့သည်။ ဆင့်ကဲဆင့်ကဲပြောင်းလဲခြင်း၏ ၂၀ရာစု ရန်သူ၊ William Jennings Bryan သည် အဟောပြော ကောင်းစွာနှင့် ပြောခဲ့သည်မှာ “ သိပ္ပံပညာ ပေးသော အချက်အလက်သည် မလွမ်းမိုးနိုင်သော အရာဖြစ်သည်။ သံ လိုက် အိမ်မြှောင် မရှိသောအချိန်တွင် သူ၏အထင်အားဖြင့် ရည်ရွယ်ချက် မရှိသော်လည်း ဘုရားသခင်မှဝေးကွာသွားသော သိပ္ပံပညာရှင်ထက် မည်သူမျှကျယ်ပြန့်စွာ မတွေးဆနိုင်ပါ။ ဒါဝင်သည် မမှန်ကန်သော သူ၏ ကြိုးစားအားထုတ်မှုများကို ရှင်းပြခြင်းအားဖြင့် သတိလစ်နေသော ဟာသ ဆရာများကြား၌ အမြင့်ဆုံးနေရာကို သူ့အတွက် အနိုင်ရရန် အသုံးပြုခဲ့ သည်။

သူ၏အဖိုးအားဖြင့် ချား(လ်) ဒါဝင်သည် လွှမ်းမိုးခြင်းခံရခဲ့ ပါသလား။ ဖန်ဆင်းခြင်းကို လက်ခံသူစာရေးဆရာ Russell Grigg ၏ရှင်းလင်းချက်မှာ အကြောင်းအရာများ အားလုံးနီးပါး ဆွေးနွေးခဲ့ခြင်းနှင့် ဥပမာ ချား(လ်)၏ မူလစာအုပ်တွင် Zoonomia တဖန်ပေါ်လာခြင်း နှင့်ဖော်ပြထားသည်။ အမှန်စင်စစ် ချား(လ်)သည် (၁၈၃၇)ခုနှစ်တွင် သူ၏ ယူဆချက်ဖြစ်သော ဆင့်ကဲဆင့်ကဲ ပြောင်းလဲခြင်း၏နိယာမကို ဖော်ထုတ်ရန် အစပြုခဲ့သည်။ အချိန်တွင်သူသည် သူ၏မှတ်စုစာအုပ်ထိပ်ဆုံး၌ သူ့အဖိုး၏ စာအုပ် ခေါင်းစဉ် ဖြစ်သော Zoonomia ကို ရေးသားခဲ့သည်။ Erasmus ထံသို့ ချား(လ်) ပေးစရာရှိသော ကျေးဇူးတရား ဥပမာ တခုသည် ငှက်များနှင့်ငှက်၏ နှုတ်သီးများ ကုသမှု၌ တွေ့ရပါသည်။

ဆင့်ကဲဆင့်ကဲပြောင်းလဲခြင်းအတွက် ချာလ်းဒါဝင်၏ အရေးပါသော ဆွေးနွေးမှုတစ်ရပ်သည် ၁၈၃၅ ခုနှစ် ဂါလာပါဂို(စ်)(Galapagos) ကျွန်းများပေါ်၌ မြင်တွေ့ခဲ့ရသည့် အစားအစာမျိုးစုံကို စားသောက်ရန် အတွက် တုန့်ပြန်နိုင်သော စာမျိုးဝင်ငှက်ငယ်တစ်မျိုး၏ (finches)၏ ချွန်ထက်လှသော နှုတ်သီးကို အခြေခံထားခြင်း ဖြစ်သည်။ အီးစမစ် (Erasmus)သည် ထိုအကြောင်းအရာများပေါ်တွင် ရေးသားခဲ့ခြင်းဖြင့်၊ လွှမ်းမိုးခြင်းမခံခဲ့ရခြင်းကို စဉ်းစားဆင်ခြင်ရန် ယုံကြည်စိတ်ချရသော အရာဖြစ်ပါသလား။ အတိအကျဆိုရသော် အချို့သော ငှက်များတွင် ကြက်တူးရွေးကဲ့သို့ အခွံမာအသီးများကို ခွဲနိုင်ရန် မာကျောသော နှုတ်သီးများရှိကြသည်။ အခြားသောငှက်များသည်လည်း စာကလေးများကဲ့သို့ မာကျောလှသော အစေ့များကို ခွဲဖို့ရန် နှုတ်သီးများကို ကျင့်သားရအောင် ကျင့်ယူခဲ့ကြသည်။ အခြားသော ငှက်များသည်လည်း စာမျိုးဝင်ငှက်က လေးများ (finches)ကဲ့သို့ ပန်းပွင့်များ၏ နူးညံ့လှသော အစေ့များကို သော်၎င်း၊ သစ်ပင်များ၌ရှိသော ပိုးကောင်းများကို စားသုံးရန်အတွက် သော်၎င်း ကျင့်ယူကြသည်။ အားလုံးသော အကောင်များသည် တဖြည်း ဖြည်းချင်း အစားအစာ၏ လိုအပ်မှုကို ထောက်ပံ့ပေးရန်၊ သတ္တဝါများ၏ အစဉ်မပြတ်ကြိုးစားအားထုတ်မှုအားဖြင့် များပြားလှသော မျိုးရိုးစဉ်ဆက် အတွင်း မွေးဖွားလာခဲ့ကြသည်။

အီးစမစ် (Erasmus)နှင့် ချားလ်ဒါဝင်တို့သည် တူညီသော လမ်းကို နှစ်ယောက်စလုံးလျှောက်ခဲ့ကြသည်။ အရာအားလုံးသည် ဆင့်ကဲ ဆင့်ကဲပြောင်းလဲခြင်းအားဖြင့် ပေါ်ပေါက်လာခဲ့သော မေခွန်းကိုဖြေဆို နိုင်ရန် သူတို့ရှာဖွေခဲ့ကြသည်။ အီးစမစ်သည် ဦးခေါင်းခွံ၃ခုပါပြီး၊ “E conchis omnia ” (အရာအားလုံးသည် ဦးခေါင်းခွံမှဖြစ်လာခြင်း) စာတန်းပါ မိသားစု၏ ပထမဆုံး ကုတ်အကျီကို တီထွင်းသော၁၇၇၀ခုနှစ်၌ သူ၏ပထမဆုံးအယူအဆကို ပြုလုပ်ခဲ့သည်။ အီးစမတ်သည် သူ၏ ဆင့်ကဲဆင်ကဲပြောင်းလဲခြင်း ဆိုင်ရာ တံဆပ်အမှတ် အသားကို သတိပေး၊ လျောင်ပြောင်ခဲ့သော ကာနွန်စီးဝေ့၏ ဘုရားကျောင်းနေရာ သူ၏လှည်းပေါ်၌ ရေးထိုးထားခဲ့သည်။

ကာနွန်သည် ဒါဝင်ကိုရေးသားသည်မှာ-

သူ့ကိုဖန်ဆင်းသောအရှင်ကိုစွန့်လွတ်ပြီး၊ ခံစားချက်အားလုံးကို မိုက်မဲသော အရေးကိစ္စမှ ပုံသွင်းပြုပြင်၊ သူသည် မှော်ဆရာတစ် ယောက်ဖြစ်ကာ၊ မှော်မန္တာန်အားဖြင့် အရာအားလုံးသည် ဦးခေါင်းခွံမှ ဖြစ်ပေါ်နိုင်ပါသလား ဟု ဖြစ်ပါသည်။

အီးစမတ်နှင့် ချာ(လ်)နှစ်ယောက်စလုံး၏အတွေးထဲ၌ ဘုရား သခင်ကို သူ၏ ဖန်ဆင်းခြင်းမှ ဖယ်ရှားသောအတွေးအခေါ်သည် တူညီကြသည်။

## ရည်ရွယ်ချက်မရှိ မျှောပါနေခြင်း

ထိုအရာသည် သားဖြစ်သူကို ဆေးပညာနှင့်ဆိုင်သော လက်တွေ့ လုပ် ဆောင်ခြင်း၌ကူညီခဲ့ပြီး၊ သူ့ကိုလေ့လာသုံးသပ်ပြီးနောက် ဆေးပညာ နှင့်ဆိုင်သော ကျောင်းသို့ သွားသင့်သည်ဟု အကြံပြုခဲ့သောသူသည် သူ၏ဖခင် ရောဖတ် (Robert)ပင်ဖြစ်ပါသည်။ “ဖြောင့်မတ်သော အကျင့်စာရိတ္တနှင့် ဝေးကွာသော ကျွန်ုပ်ကို အလွန်တရာ အကျွမ်းတဝင်ရှိခဲ့သည်” ဟု ချားလ် ရေးသားခဲ့သည်။ “လူနာများစွာကို ရရှိသော သူ အဖြစ် အောင်မြင်ကျော်ကြားသော ဆရာဝန် လုပ်သင့်သည်ဟု ကျွန်ုပ်ကို ကျွန်ုပ်၏ဖခင်က ပြတ်သားစွာပြောခဲ့သည်။ ဒေါက်တာ ဒါဝင် သည် ချားလ်ကို ဥရောပတိုက်၌ ဆေးပညာနှင့်ဆိုင်သော အလွန် ကျော်ကြားသည့် ကျောင်းတစ်ကျောင်းဖြစ်သော စကော့တလန် (Scotland) နိုင်ငံ၊ ဧဒင်ဘက် (Edinburgh) မြို့ရှိ ဆေးပညာနှင့်ဆိုင်သော ကျောင်း သို့ သူ၏အကိုကြီး Erasmus နှင့်အတူ သွားရန် အလိုရှိခဲ့သည်။

ချား(လ်)သည် ဆေးပညာနှင့်ဆိုင်သော ဧဒင်ဘက် တက္ကသိုလ်၌ ၂နှစ်တာကာလကို ကုန်ဆုံးခဲ့ပြီး၊ “သည်းမခံနိုင်လောက်အောင် ငြီးငွေ့ဖွယ် ကောင်းသော” ကတ္တိကများကို တွေ့ခဲ့ရသည်။ သူ၌ အလွန်ပင်စိတ်သော ကဖြစ် စေသည့် စိုးရိမ်ရသော အစာအိမ်ခွဲစိပ်မှု ပြဿနာရှိခဲ့သည်။ ကျွန်ုပ်သည်အလွန် ဆိုးရွားသော ခွဲစိတ်ကုသမှု နှစ်ကြိမ်ကို မြင်ခဲ့ပါသည်။ ပထမတစ်ကြိမ်တွင် ကလေးငယ်တစ်ဦးဖြစ်ပြီး၊ သူ့ကို ခွဲစိပ်မှုမပြီးဆုံးခင် ကျွန်ုပ်အဝေးသို့ ထွက်ပေးခဲ့ပါသည်” ဟု ရေးသားခဲ့သည်။ မှန်ပါသည်။ ထုံဆေးမပျက်ပျယ်ခင် ခွဲစိတ်မှုများ ပြီးဆုံးခဲ့ပါသည်။ တစ်ယောက်သော သူသာ နာကျင်မှုကို အံ့အားသင့်ဖွယ်ရာ ခံစားရပြီး၊ စူးရှသော အော်သံသည် လေထဲ၌ ပျံ့နှံ့ သွားတော့သည်။ ဤနေရာသည် သူ့အတွက် မဟုတ် ကြောင်းကို ဒါဝင်သဘောပေါက်နားလည်ခဲ့သည်။

အေဒင်ဘတ်၌ ရှိနေစဉ်တွင် ဒါဝင်သည် သူကိုယ်တိုင် Wales ပတ်၌ ခြေလျင်ခရီးထွက်ခြင်းကိုပြုလုပ်ခဲ့ပြီး၊ လေ့လာခြင်းကို မည်ကဲ့သို့ ပြုလုပ်ရမည် ကို လေ့လာခဲ့ပြီး၊ အေ့ချ်၊ အမ်၊ အက်စ် (H.M.S) ဘီဂဲလ် သင်္ဘောပေါ်၌ သူ၏ ရာထူးသက်တမ်းအတွက် မရှိမဖြစ်လိုအပ်သည့် ကျွမ်းကျင်မှုများကို မှတ်စုစာအုပ်၌ သူ၏မှတ်စုများကို မှတ်တမ်း

တင်ထားသည်။ ကျောင်းသားများသည် သုတေသနစာရွက်စာတန်းများကို တင်ပြပြီး၊ ထိုစာရွက်စာတမ်းများကို ပွင့်ပွင့်လင်းလင်းဆွေးနွေးရန် အိမ်ရှင် အဖြစ်လက်ခံကျင်းပရသော သဘာဝဆိုင်ရာ သိပ္ပံ Plinian Society လူ့အဖွဲ့အ စည်း၏ အသင်းဝင်တစ်ယောက်ဖြစ်လာခဲ့သည်။ ဒါဝင်သည် အသစ်သော ဇစ်မြစ်အတွေးအခေါ်အကြောင်းကို စိတ်ပါဝင်စားပြီး ရှင်းလင်းသော သီးခြားတွေးရှင်အဖြစ် သိမြင်ခဲ့သော ဒေါက်တာ ဂရန့် (Dr. Grant) နှင့် ရင်းနှီးသော မိတ်ဆွေဖြစ်လာခဲ့ကြသည်။ ဒါဝင်သည် ဂရန့်ကို အပေါင်း အဖေါ်အရင်းချာကဲ့သို့ "ဤသူသည် အဝေးဆုံး၏ အစွန်အဖျားအောက်၌ ရှိသော အလွန်စိတ်အားထက်သန်မှုကို ကောင်းစွာသိသောသူ" ဟု ဖော်ပြ ခဲ့သည်။

ဂရန့်သည် "ဒါဝင်၏ ဆင့်ကဲဆင့်ကဲပြောင်းလဲခြင်းနှင့် ဆိုင် သောအပြုအမူ" ကို ဂုဏ်ပြုသောအားဖြင့် သူ၏ပါရဂူဘွဲ့နှင့်ဆိုင်သော သုတေသနစာတမ်း၌ *Zoonomia* ကို ခေါင်းစဉ်တပ်ခဲ့သည်။ သူသည် ထူးခြားသော လက္ခဏာ များရရှိခြင်းအားဖြင့် Jean de Lamarck's ၏ ဇီဝကိုအခြေခံသော ဆင့်ကဲဆင့်ကဲ ပြောင်းလဲခြင်း၏ အယူအဆကို စိတ်အား ထက်သန်စွာဖြင့် ထောက်ခံခဲ့သူတစ်ယောက်ဖြစ်ပါသည်။ ဒါဝင်သည် မိမိ၏ အချိန်၊ စွမ်းအားများကို လုံးလုံးလျားလျား မြှုပ်နှံထားသော ဂရန့်၏ ကျောင်းသား တစ်ယောက်ဖြစ်ပြီး၊ မျိုးစပ်များကို စုဆောင်းခြင်း သော်လည်းကောင်း၊ သတင်းအချက်အလက်များကို ထိန်းသိမ်းခြင်းသော် ၎င်း၊ သူ၏ဆရာထံမှ အသိပညာများတို့ကို စုသိမ်းခြင်းဖြင့် ကူညီ ခဲ့သည်။

မကြာမီနှစ်များတွင် ဒါဝင်နှင့် ဂရန့် အကြားတွင်ရှိ နွေး ထွေးသော ဆက်ဆံရေးမှာ ပျက်သုန်းသွားခဲ့ပြီး၊ ဂရန့်သည် ပြစ်တင် လှောင်ပြောင်သည့် "ခရစ်ယာန်ဘာသာ၏ မှန်ကန်ခြင်း" တိုက်ခိုက်ခဲ့သည်။ ထိုဖြစ်ပွားမှုသည် သူ၏ လေ့လာရေးခရီးစဉ် ဘီးဂဲလ်ရေ ကြောင်းခရီးစဉ်မှ ပြန်လာသော အချိန်၌ဖြစ်ပွားခဲ့ပြီး၊ ဂရန့်၏ အငြင်းပွား ပြုခြင်းအားဖြင့် သူ၏အလုပ်ကို အစွန်းအထင်း မရှိအောင် အဝေးမှ ထိန်းသိမ်းခဲ့သည်။

၂နှစ်ခန့်ကြာပြီးနောက် ဆေးပညာနှင့်ဆိုင်သောအေဒင်ဘတ်ချ် (Edinburgh) ကျောင်း၌ နေထိုင်ခဲ့ခြင်းသည် သူ၏သားဒါဝင်အတွက် ဆရာဝန်ဖြစ်မလာဖို့ရန် အထောက်အထားဖြစ်ခဲ့သည်။ ထို့ကြောင့် သူ၏သားကို ခရစ်ယာန်ဘုန်းတော်ကြီးဖြစ်ရန် အကြံပြုပြန်သည်။ ဒါဝင်တွင် သီးသန့်နေရာများရှိခဲ့ပြီး၊ "ကျွန်ုပ်၌ အင်္ဂလန် အသင်းတော်၏ တရားသေ လက်ခံထားသော ဝါဒများ၌ရှိသော ကျွန်ုပ်၏ယုံကြည်ကိုးကွယ်မှုကို ကြေ ငြာနေခြင်း၌ သိက္ခာစောင့် စည်းမှုရှိပါသည်"ဟု ရေးသားခဲ့သည်။

သူသည် ဓမ္မသြဝါဒနှင့် ဘုရားသခင့်၏ ဂုဏ်ကျေးဇူး တော်၌ရှိသော အခြားသောစာအုပ်များကို အလွန်စောင့်ရှောက်သော သူ အဖြစ် ဖတ်ရှုကြောင်း ပြောဆိုခဲ့သည်။ ထိုအရာသည် နယ်နယ်ရရ စူးစမ်း လေ့လာခြင်းမဟုတ်ပါ။ ဗြိတိသျှ သီအိုလိုဂျီယာမ်း ဂျွန်ပါရာဆန် (John Pearson)၏ ဓမ္မသြဝါဒ ရှင်းလင်းဖော်ပြချက်သည် အင်္ဂလန်အသင်း တော်၌ အဆင့်အတန်းရှိရှိနှင့် အောင်ပွဲကျင်းပခဲ့ပြီး၊ ၁၈၆၄ခုနှစ်တွင် စာရွက်ပေါင်း ၇၀၀ ထိ ထိုဓမ္မသြဝါဒ၏ရှင်းလင်းဖော်ပြချက်ကို စီစစ်တည်းဖြတ်ခဲ့ပြီး လည်ပတ်မှု များပြုခဲ့သည်။

မိမိကိုယ်ကိုမိမိ သေချာစွာ စူးစမ်းလေ့လာပြီးနောက် "ကျွန်ုပ် သည် သမ္မာကျမ်းစာထဲ၌ရှိသော စကားအားလုံး၏မှန်ကန်မှုကို သံသယ မရှိခဲ့သလို၊ ကျွန်ုပ်၏ ဓမ္မသြဝါဒ စာသည်လည်း လုံးလုံးလျားလျား လက်ခံ နိုင်ဖွယ်ရာ ဖြစ်ရမည်ကို ကျွန်ုပ်ကို ကျွန်ုပ်ယုံကြည်လက်ခံစေခဲ့ပါသည်ဟု ဒါဝင်လက်ခံ ယုံကြည်ခဲ့သည်။ ဒါဝင်သည် သူ့ဖခင်၏ အဆိုပြုချက်ကို လိုက်နာခဲ့သည် အဘယ့်ကြောင့်ဆိုသော် သူ၌ သူ့ဖခင်၏ ခံယူချက်၌ ယုံကြည်ချက်ကြီးမားသောကြောင့် ပင်ဖြစ်ပါသည်။ ဒေါက်တာ ရောဘက် ဒါဝင်သည်

ဘုရားကျောင်းသို့မပျက် မကွက်သွားသောသူမဟုတ်ဘဲ၊ ခရစ်ယာန်ဘုန်းတော်ကြီး၏ အလုပ်တာဝန်၌ရှိသော သဘောထားအမြင် အနည်းငယ်ရှိသောကြောင့်ပင်ဖြစ်ပါသည်။ သို့သော်လည်း သူ၏သားကို ခရစ်ယာန် ဘုန်းတော်ကြီးကဲ့သို့ပင်မြင်သည်။ ထိုအကြောင်းပြချက်သည် မရှင်းလင်းပါ။ ရောဘက်ဒါဝင်၏ စိတ်ကူးများသည် မထင်မရှားသော်လည်း၊ ထိုအရာသည် သားဖြစ်သူ၏အဆိုပြုချက်ကို လေးလေး နက်နက် ပြုလုပ်ခဲ့သော အထောက်အထားပင်ဖြစ်ပါသည်။

ချား(လ်)သည် သူ၏လေ့လာမှုများကို ၁၈၂၈ခုနှစ်တွင် ကမ်းဘရိတ် တက္ကသိုလ်၏ တစိတ်တစ်ဒေသဖြစ်သော ခရစ်တော်၏အသင်းတော် ကောလိပ်၌ စတင်ခဲ့ပြီး၊ ၃နှစ်နှင့် သူ၏ဘွဲ့ဒီဂရီကို ပြီးဆုံးအောင် သင်ကြားခဲ့သည်။ တဖန်သူသည် သူကိုယ်ကိုအသုံးမချခဲ့ဘဲ၊ ကတ္တိကများ၏ သတ်မှတ်ပြဒါန်းခြင်း ကြောင့်သာလျှင် တက်ရောက်ခဲ့ခြင်း ပင်ဖြစ်သည်။ သူ၏အချိန်သည် တက္ကသိုလ်၌ သင်ရိုးညွှန်တမ်းနှင့်ဆိုင်သော ပညာရပ် များနှင့် ဝေးကွာအောင် ဖြုန်းတီး ပစ်ခဲ့သည် ဟု ခံစားမိခဲ့သည်။ ချား(လ်) သည် စုဆောင်းခြင်း၊ ခွဲစိပ်လေ့လာခြင်း၊ ထိတွေ့ခြင်း၊ စည်းရုံးခြင်းနှင့် စာရေးခြင်းတို့ကို စိတ်ဝင်စားသည့်အတိုင်း အကောင်းဆုံးလုပ်ခဲ့ပုံရသည်။ သို့သော်လည်း မှတ်မိမှတ်သားခြင်းမရှိခဲ့ပါ။ ဒါဝင် သည် သူ၏အချိန်အများစုကို တောရွာများ၌ ဖီးကွက်များကို ပစ်ခတ်ခြင်းဖြင့် ကုန်ဆုံးခဲ့ပြီး၊ မည်သို့အားဖြင့် ပိုးကောင်မာများကို စုဆောင်းသောသူဖြစ်လာ မည်နည်းကို လေ့လာ လာခဲ့ကာ၊ သူငယ်ချင်းများနှင့် ရင်းရင်းနှီးနှီး ရောနှော ဆက်ဆံခဲ့သည်။

သူ၏စိတ်ဝင်စားမှုသည် သမ္မာကျမ်းစာ၌သော်၎င်း၊ အခြားသောသူများနှင့်အတူ သတင်းကောင်းကိုဝေငှခြင်းသော်၎င်း မရှိခဲ့ပါ။ ကျောင်းသား တစ်ဦး၏ ဆောင်ရွက်ချက် အားလုံးကို ၃နှစ်နှင့် လုပ်ဆောင်ခဲ့သည်။ ၂နှစ်တာလေးသာပျော်ရွှင်ခဲ့ရပြီး၊ Euclidean ဂျီသြမေတြီနှင့် William Paley၏ သဘာဝ တရားနှင့်ဆိုင်သော သီအိုလိုဂျီစသည့် အားရကျေ နပ်ဖွယ်ရာကောင်းသော သင်ကြားရေးကို လေ့လာခဲ့ရသည်ဟု ပြောကြားခဲ့သည်။ ဒါဝင်သည် ထိုအတန်းချိန်များတွင် ကျွမ်းကျင်ခဲ့သော်လည်း၊ ရှေး ရိုးရာနှင့်ဆိုင်သော သင်ခန်းများကို အောင်ရုံမျှသာ အောင်ခဲ့သည်။ သို့သော်ငြားလည်းသူသည် သူ၏အခန်းဖော် ဆယ်ယောက်ထဲ၌ ဘွဲ့ရခဲ့ သူဖြစ်သည်။ ကမ်းဘရိတ်၌ ၃နှစ်လုံးလုံး မိမိကိုယ်ကို အသုံးမချဘဲ နေသူ အဖို့မဆိုးလှပေ။

၁၈၃၆ခုနှစ်၌ သူ၏ဘွဲ့ဒီဂရီကို ကျွမ်းကျင်မှုနှင့် ထိုက်ထိုက်တန် တန် အောင်မြင်ခဲ့သော်လည်း ဒါဝင်သည် သူ့ဖခင်အဆိုပြုခဲ့သော ကျေး လက်တောရွာ သင်းအုပ်ဆရာ ဘယ်သောအခါမှ မဖြစ်လာတော့ပါ။ ပါလေး၏ သဘာဝနှင့် ဆိုင်သော သီအိုလိုဂျီကိုလေ့လာခြင်းမှ ထွက်ပေါ် လာသော တည်ရှိခြင်း၏ သက်သေအထောက်အထားများနှင့် ဘုရားသခင်၏ ပင်ကိုယ်အရည်အချင်းစသော ခေါင်းစဉ်ပြုရေးသားထားသော အရာများကို ဖတ်ရှုခြင်းအားဖြင့် လောင်ကျွမ်းကာ သူသည် ဘုရားသခင်၏ ဖန်ဆင်းခြင်း အကြောင်းကို လေ့လာရန် စိတ်အားထက်သန်သော စိတ်ရှိ သူတစ်ယောက်ဖြစ်သည်။ အကြီးအကျယ်ပြောင်းလဲ မှုနှင့် စဉ်းစားဉာဏ် ရှိသော ဒါဝင်က "ကျွန်ုပ်သည် မှန်ကန်ပြည့်စုံသော သက်သေအထောက် အားလုံးကို ရေးနိုင်ခဲ့သည်" ဟူသော စကားကို အလွန် စွဲမက်နှစ် သက်ခဲ့သည်။ နှစ်များအနည်းငယ်ကြာသော်ငြားလည်း ၁၈၃၆ခုနှစ် ၌ အေ့ချ်၊ အမ်၊ အက်စ် (H.M.S)ဘီဂဲလ်သင်္ဘောပေါ်မှ ပြန်လာခဲ့ပြီးနောက် ဒါဝင်သည်ပါလေး၏ အယူအဆကို ငြင်းပယ်ခဲ့ကာ၊ သူ၏အယူအဆဖြစ် သော ဆင့်ကဲဆင့်ကဲ ပြောင်းလဲခြင်းကို ထွေးပိုက်ခဲ့သည်။